# မြန်မာအလုပ်သမားများအတွက် Asia Floor Wage Alliance၏ တော်လှန်ရေးနေ့ ပူးတွဲထုတ်ပြန်ချက်

2024 ခုနှစ် မတ်လ 27 ရက်နေ့ တော်လှန်ရေးနေ့တွင် အာရှတဝှမ်းရှိ အထည်ချုပ်အလုပ်သမားပေါင်း ၈၅၀,၀၀၀ ကျော်ကို ကိုယ်စားပြုသည့် Asia Floor Wage Alliance အလုပ်သမားသမဂ္ဂများသည် ဒီမိုကရေစီစနစ် ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံ အလုပ်သမားများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်ပါသည်။ သမိုင်းတစ်လျှောက်တွင် အလုပ်သမားလှုပ်ရှားမှုသည် ကမ္ဘာတစ်ဝှမ်း ဒီမိုကရေစီအတွက် တွန်းအားတစ်ခုဖြစ်ခဲ့သည်။ ဤကြီးမြတ်သည့်သမိုင်းနှင့်အညီ အာဏာရှင်စနစ်အား တွန်းလှန်နေကြသည့် မြန်မာနိုင်ငံရှိ အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများ၊ အလုပ်သမားသမဂ္ဂများ၊ အလုပ်သမားအခွင့်အရေးလှုပ်ရှားသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အသက်နှင့် ဘဝအာမခံချက် ကို ကာကွယ်ရန်အတွက် စီးပွားရေးနှင့် နိုင်ငံရေး ပြောင်းလဲမှုများဖြစ်လာပေါ်ရန်တောင်းဆိုခြင်းဖြင့် ပါဝင်ကြရန် ကျွန်ုပ်တို့ နှိုးဆော်ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်က ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရကို ဆန့်ကျင်ပြီး အာဏာသိမ်းရန်ကြိုးပမ်းခဲ့သည်။ မြန်မာစစ်တပ်ကဖွဲ့သည့် နိုင်ငံတော် အုပ်ချုပ်ရေးကောင်စီ (SAC) ၏ တရားမဝင် အုပ်ချုပ်မှုအောက်တွင် မြန်မာ့လူထုသည် လေကြောင်းတိုက်ခိုက်မှု၊ အကြမ်းဖက်မှုများအပါအဝင် မရေမတွက်နိုင်သည့် အခြားသော ရက်စက်ကြမ်းကြုတ်မှုများ၊ မညှာမတာ စစ်ရေးဖိနှိပ်မှုများကို ကြွံကြွံခံ ရင်ဆိုင်နေကြရသည်။

အာဏာသိမ်းမှုကို တွန်းလှန်ရန် ပေါ်ပေါက်လာသော နွေဦးတော်လှန်ရေး၏ ပင်မထောက်တိုင်တခုဖြစ်သည့် လူထု အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) နှင့်အတူ မြန်မာနိုင်ငံတွင် အကြီးဆုံး အလုပ်သမား အင်အားစုများထဲမှ တစ်ခုဖြစ်သော အမျိုးသမီး ၉၀ ရာခိုင်နှုန်းလုပ်ကိုင်နေသည့် အထည်ချုပ်အလုပ်သမား ထောင်ပေါင်းများစွာ စုစည်းပြီး ဦးဆောင်ဆန္ဒပြခဲ့ကြသည်။ ထိုသို့ ငြိမ်းချမ်းစွာ ဆန္ဒပြသည့်လူထုကို ရဲနှင့် စစ်တပ်ကပစ်ခတ်ကာ တုံ့ပြန်ခဲ့သည်။ အလုပ်သမားများနှင့် အလုပ်သမားသမဂ္ဂများအပါအဝင် လူပေါင်း ထောင်နှင့်ချီ၍ ထောင်သွင်း အကျဉ်းချ နှိပ်စက် သတ်ဖြတ်ခံခဲ့ရသည်။ ယနေ့အထိ နိုင်ငံရေးအကျဉ်းသား ၂၀,၁၃၀ ဦး ထိန်းသိမ်းထားဆဲဖြစ်ပြီး လူပေါင်း ၄,၇၅၉ ဦး အသတ်ခံခဲ့ရသည်။[1]

---

[1]နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (၂၀၂၄)။ 'စစ်တပ်အာဏာသိမ်းမှုနှင့် စပ်လျဉ်း၍ နေ့စဉ် အကျဉ်းချုပ်' မတ် ၂၁၊ ၂၀၂၄။ https://aappb.org/?p=27755

အကြမ်းမဖက် ဆန္ဒပြပွဲများကို ရက်စက်စွာ နှိမ်နင်းခြင်းတို့ကြောင့် မဖြစ်မနေ မိမိကိုယ်ကိုကာကွယ်ရန် လက်နက်ကိုင်အဖွဲ့ အမြောက်အမြား ဖွဲ့စည်းပြီးပြန်လည်ခုခံခဲ့ရသောကြောင့် ယခုအခါ တိုင်းပြည်သည် ပြည်တွင်းစစ် အခြေအနေသို့ရောက်ရှိနေပြီဖြစ်သည်။ အာဏာသိမ်းကြိုးပမ်းခြင်း သုံးနှစ်ကျော်ပြီး ဆယ်ရက်အကြာ ဖေဖော်ဝါရီ ၁၀ ရက်၊ ၂၀၂၄ တွင် SAC မှ အသက် ၁၈ နှစ်မှ ၄၅ နှစ်ကြား အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသမီး အရပ်သားများ စစ်မှုထမ်းရမည့် အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ ကို တရားမဝင် ထုတ်ပြန်ကြေညာခဲ့သည်။ တစ်ချိန်က ငြိမ်းချမ်းစွာ ဆန္ဒပြပြီး CDM ကို ဦးဆောင်ခဲ့သည့် အလုပ်သမားများသည် ယခုအခါ အကြမ်းဖက်မှု ကျူးလွန်ရန် အတင်းအကြပ် ဖိအားပေးခြင်း သို့မဟုတ် လူသားဒိုင်းအဖြစ် အသုံးပြုခြင်း ခံနေရသည်။ ဤသည်မှာ ပြည်သူများ၏ စိတ်ဓာတ်နှင့် ခံနိုင်ရည်အား ဖိနှိပ် ချေမှုန်းရန် စစ်အစိုးရ၏ နောက်ထပ် လှုပ်ရှားမှုတစ်ခု ဖြစ်သည်။

အာဏာသိမ်းပြီးကတည်းက မြန်မာစစ်တပ်က သွေးထွက်သံယိုများစွာဖြင့် တော်လှန်ရေးနေ့ (သို့) ၎င်းတို့အခေါ် တပ်မတော်နေ့ တပ်မတော်နေ့ကို ကျင်းပနေခဲ့သည်။ စစ်မှုထမ်းခြင်းဥပဒေ နှင့်အတူ အလုပ်သမားလူတန်းစားများအပေါ် ဖိနှိပ်အကြမ်းဖက်မှုများပိုမိုဖြစ်ပေါ်လာမည်မှာ အသေအချာပင်ဖြစ်သည်။ AFWA သည် လက်ရှိဖြစ်နေသည့် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှုတ်ချပြီး အရပ်သားများအပေါ် အကြမ်းဖက်မှုများကို ရပ်တန့်ရန် စစ်အစိုးရအား ဆန့်ကျင်သည့် လုပ်ရပ်များ လုပ်ဆောင်ရန် ကျွန်ုပ်တို့ အစိုးရများကို တိုက်တွန်းပါသည်။

မိမိတို့ နိုင်ငံတော်အစိုးရများအနေဖြင့် စည်းလုံးညီညွတ်စွာ အားထုတ်ကြိုးပမ်း၍ စစ်အစိုးရကို သီးခြားခွဲထုတ်ရန် ပြင်းထန်သည့် ပစ်မှတ်ထားသော စီးပွားရေး ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။

ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားတဲ့ မြန်မာပြည်သူပြည်သားတွေရဲ့ ကိုယ်စားလှယ်တွေပါဝင်တဲ့ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ကို တရားဝင် အသိအမှတ်ပြုဖို့ မိမိတို့ နိုင်ငံတော်အစိုးရတွေများကို တောင်းဆိုပါသည်။

အထူးသဖြင့် ဤအကျပ်အတည်းကို ဖြေရှင်းရန်အတွက် အာဆီယံမှ လေးနက်စွာအလျင်အမြန် လုပ်ဆောင်ရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။ ကျွန်ုပ်တို့၏ အရှေ့တောင်အာရှ အစိုးရများအနေဖြင့် အာဏာရှင်စနစ်ကို ဖြစ်ရိုးဖြစ်စဉ်အဖြစ်လက်ခံနေမည်ကို ကျွန်ုပ်တို့ လက်သင့်ခံမည် မဟုတ်ပါ။

**ပြည်သူများကို ရက်စက်ကြမ်းကြုတ်စွာ အကြမ်းဖက်နှိမ်နင်းခြင်းနှင့် အခြေခံအသက်ရှင်ရေး၊ ဘဝနေထိုင်ရေး ကိုပါ အန္တရာယ်ပေးနေခြင်းဖြင့် စစ်အစိုးရသည် ဒီမိုကရေစီအရေး ခုခံကာကွယ်သူများကို ထပ်ပိုး ခြိမ်းခြောက်မှု ဖြစ်စေသည်။**

SACမှ ကျူးလွန်နေသည့် အကြမ်းဖက်မှုများကြားတွင် အများစုမှ လျစ်လျူရှုထားသော်လည်း အထည်ချုပ်လုပ်သားများအတွက် ၄င်းတို့ ဘဝရှင်သန်ရပ်တည်ရေးဆိုင်ရာ အခြေခံစီးပွားရေးတိုက်ပွဲနောက်တခု ထပ်မံ ပေါ်ပေါက်လာခဲ့သည်။ စက်ရုံများတွင် လုပ်ငန်းခွင်အခြေအနေများ ဆိုးရွားလာပြီး၊ အလုပ်သမားနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ သိသိသာသာ တိုးလာကာ တိုင်ကြားချက်များကို ပြန်လည်ဖြေရှင်းရေး ယန္တရားများ ပျက်ပြားသွားခဲ့ပြီးဖြစ်သည်။ စစ်တပ်၏အကူအညီဖြင့် စက်ရုံပိုင်ရှင်များသည် အလုပ်သမားများအပေါ် ဂုတ်သွေးစုပ်အမြတ်ထုပ်များသည်လည်း ဆက်တိုက်ဆိုသလို တိုးပွားလာနေသည်။ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်သည် မြန်မာနိုင်ငံတွင်မရှိပါ။ အလုပ်သမားသမဂ္ဂများနှင့် အလုပ်သမားအခွင့်အရေးအဖွဲ့အစည်းများ အများစုသည် 2021 ခုနှစ် မတ်လတွင် တရားမဝင်ကြောင်းကြေငြာခဲ့ခြင်းဖြင့် အလုပ်သမား တက်ကြွလှုပ်ရှားသူများနှင့် အလုပ်သမားသမဂ္ဂခေါင်းဆောင်များကို ပြေးရှောင်ပုန်းအောင်းရန် သို့မဟုတ် ပြည်နှင်ဒဏ်ပေးရန် တွန်းအားပေးခဲ့သည်။ အလုပ်သမားတွေရဲ့ အခွင့်အရေးကို ချိုးဖောက်ပြီး အလုပ်သမားလှုပ်ရှားမှုများကို တိုက်ခိုက်ခြင်းသည် ဒီမိုကရေစီကို ပျက်ပြားစေသည်။

မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသည့် ဖက်ရှင်အမှတ်တံဆိပ်အများအပြားသည် အလုပ်သမား အခွင့်အရေးများကို အကာအကွယ်ပေးရေး နှင့် due deligenceများကိုဆောင်ရွက်သည့်အခါကြုံရသည့် စိန်ခေါ်မှုများကိုထောက်ပြကာ ၎င်းတို့၏ လုပ်ငန်းကို ရုပ်သိမ်း နေလျက်ရှိပါသည်။

Primark၊ Tesco၊ Marks & Spencer၊ Aldi၊ C&A နှင့် Inditex စသည့် ကုန်အမှတ်တံဆိပ်များသည် မြန်မာနိုင်ငံတွင် ၎င်းတို့၏ လုပ်ငန်းများကို ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။ မြန်မာ့အထည်ချုပ်လုပ်ငန်းသည် ယခင်က အလုပ်သမား ၇၀၀,၀၀၀ ကို အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းပြုပေးခဲ့ပြီး ယင်းတို့အနက် ၆၀ ရာခိုင်နှုန်းမှာ ဥရောပဝယ်လက်အပေါ် မှီခိုနေရသည်။ [2]အာဏာသိမ်းမှုကြောင့် ဥရောပအမှတ်တံဆိပ်များမှ ခွဲထွက်ခြင်း၏ ရလဒ်အနေဖြင့် စက်ချုပ်လုပ်ငန်းတွင် အလုပ်အကိုင် 30% ကျော် ဆုံးရှုံးခဲ့သည်။[3]

အာဏာသိမ်းမှု မတိုင်မီက မြန်မာနိုင်ငံ၏နေ့စဉ်အနိမ့်ဆုံးလုပ်ခသည် ၂၀၁၈ ခုနှစ်တွင် ကျပ် ၄၈၀၀ (USD ၃.၅) ဖြင့် အာဆီယံနိုင်ငံများအကြား အနိမ့်ဆုံးဖြစ်ခဲ့သည်။ ဥပဒေကြောင်းအရ လုပ်ခလစာကို နှစ်နှစ်တစ်ကြိမ် တိုးပေးရန်လိုအပ်သော်လည်း အနိမ့်ဆုံးလုပ်မတိုးသည်မှာ ငါးနှစ်အထိရှိနေခဲ့ပြီသည်။ 2023 ခုနှစ် အောက်တိုဘာလတွင်

---

[2]EuroCham Myanmar (2023)။ Myanmar Garment Sector Factsheet Version 2.0။ နိုဝင်ဘာ၊ ၂၀၂၃။
https://eurocham-myanmar.org/wp-content/uploads/2023/11/Myanmar-Garment-Sector-Factsheet_November-2023.pdf
[3]ibid

SAC မှ အလုပ်သမားများအတွက် တစ်ရက်လျှင် ၁,၀၀၀ ကျပ် ထောက်ပံ့ကြေးအဖြစ် ၎င်းတို့၏ အခြေခံလုပ်ခကို ကျပ် ၅,၈၀၀ သို့ တိုးမြှင့်ပေးခဲ့ပါသည်။ 2018 ခုနှစ်မှစတင်၍ ခန့်မှန်းခြေအားဖြင့် ၆၀% ငွေကြေးဖောင်းပွမှုနှုန်းနှင့် နှိုင်းယှဉ်ပါက [4]၎င်း 20% တိုးမှုသည် ဆင်းရဲမွဲတေမှုလုပ်ခလစာဖြင့် အသက်ရှင်ရပ်တည်ရန် ရုန်းကန်နေရသော အလုပ်သမားများအတွက် အနည်းငယ်မျှသာ အဆင်ပြေကြရပါသည်။။ ထို့အပြင် ကျပ်ငွေတန်ဖိုးကျဆင်းခြင်းကြောင့် ဒေါ်လာနှင့် ချိန်ထိုးတွက်ချက်ပါက ၂၀၁၈ ခုနှစ်တွင် USD ၃.၅ (မြန်မာကျပ်ငွေ ၄,၈၀၀) ရရှိသော အလုပ်သမားများသည် ၂၀၂၄ ခုနှစ်တွင် USD 2.8 (မြန်မာကျပ်ငွေ ၅,၈၀၀) သာ ရရှိမည်ဖြစ်ပါသည်။

AFWA ၏ 2023 စားသုံးမှုစစ်တမ်းအရ အလုပ်သမားများအတွက် နေ့စဉ်နေထိုင်မှုလုပ်ခသည် ကျပ် ၂၉,၀၂၈ နှင့် ညီမျှပြီး လက်ရှိအခြေခံနေ့လုပ်အားခထက် ငါးဆပိုမိုမြင့်မားသည်။

လုပ်သားများသည် ခက်ခဲကြမ်းတမ်းလှသည့် စီးပွားရေးအကျပ်အတည်းအောက်တွင် ကြုံတွေ့နေရသော်လည်း ကုန်အမှတ်တံဆိပ်များနှင့် စက်ရုံလုပ်ငန်းပိုင်ရှင် (Supplier) များသည် အလုပ်သမားစရိတ်များ ကျဆင်းခြင်းကြောင့် အကျိုးအမြတ်များစွာ ရရှိလျက်ရှိသည်။ ဥရောပအမှတ်တံဆိပ်များ နိုင်ငံမှထွက်ခွာသည့်အခါ လစ်လပ်သွားသည့် နေရာလပ်များအတွင်း အလုပ်သမားအခွင့်အရေးနှင့် due diligence များကို ဂရုမပြုသည့် လုပ်သားစရိတ်နည်းခြင်းကိုသာ စိတ်ဝင်စားသည့် အာရှဈေးကွက်များမှ ဝယ်လက်များဝင်ရောက်လာသည်ဟု မြေပြင်မှ အစီရင်ခံစာများအရ သိရှိရသည်။

ခက်ခဲကျပ်တည်းလှသည့် အခြေအနေများ နှင့် အလုပ်သမားသမဂ္ဂများ ရင်ဆိုင်နေရသော်လည်း အလုပ်သမားများက ဆက်လက်ရုန်းကန်၊ ဆန္ဒပြကြပြီး လုပ်ခလစာ တိုးပေးရန် တောင်းဆိုကြသည်။ အဖွဲ့အစည်းများသည် မြေအောက်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြပြီး နေ့စဉ် အလုပ်သမားအခွင့်အရေးများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများကိုလုပ်ဆောင်လျက် ရှိပြီး အလုပ်သမားများ၏ ကိုယ်စား အမှတ်တံဆိပ်များကို အလုပ်သမားအခွင့်အရေးအကာကွယ်ပေးရန် လှုံ့ဆော်လျက်ရှိသည်။ အလုပ်သမားသမဂ္ဂခေါင်းဆောင်တစ်ဦးမှ မကြာသေးမီက ပြောကြားခဲ့သည့်အတိုင်း “ကုန်အမှတ်တံဆိပ်တွေက ကျနော်တို့ အလုပ်သမားတွေရဲ့ အခြေအနေကို သိရက်နဲ့ သူတို့ ဘာတခုမှ မကူညီကြတာဟာ တော်တော် ရှက်ဖို့ကောင်းတယ်!”

[4] အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ Datamapper- ငွေကြေးဖောင်းပွမှုနှုန်း၊ ကာလကုန်စားသုံးသူဈေးနှုန်းများ (မြန်မာ 2024) https://www.imf.org/external/datamapper/PCPIEPCH@WEO/MMR

ဖက်ရှင်အမှတ်တံဆိပ်များသည် ၎င်းတို့၏ Supply Chain များတွင်လုပ်ကိုင်နေကြသည့် အလုပ်သမားများ၏ ဘဝရှင်သန် မှုသည် ၎င်းတို့၏တာဝန်ဟု သိရှိနားလည်ကြစေရန် ကျွန်ုပ်တို့ အလေးအနက် တိုက်တွန်းပါသည်။ အလုပ်သမားတွေဟာ ဒီမိုကရေစီကို ကာကွယ်သူတွေဖြစ်ပါသည်။ အမှတ်တံဆိပ်များသည် မိမိတို့၏ စံအဆင့်အတန်းကို ပိုမိုမြှင့်တင်ရန်လိုအပ်ပြီး အလုပ်သမားများ၏ လုပ်ခလစာကိုလည်း တောင်းဆိုချက်များအတိုင်း တိုးမြှင့်ပေးရန်လိုအပ်ကြောင်းကို ကျွန်ုပ်တို့ တိုက်တွန်းသည်။

အာဏာသိမ်းမှုသည် မြန်မာ့ဒီမိုကရေစီလမ်းကြောင်းပေါ်ရှိ ခက်ခက်ခဲခဲ တိုက်ပွဲဝင်နေသည့် ပြည်သူများကို အနှောင့်အယှက်ပေးရုံသာမက၊ ကျွန်ုပ်တို့ ဒေသတစ်ခုလုံးတွင် တိုးတက်သော လှုပ်ရှားမှုများအတွက် ဆုတ်ယုတ်မှုတစ်ခုလည်း ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့သည် မယိမ်းမယိုင် စည်းလုံးညီညွတ်စွာဖြင့် မြန်မာနိုင်ငံသားများနှင့်အတူ ဆက်လက်ရပ်တည်သွားမည်။

ပျက်ကွက်ခြင်းသည် ကြံရာပါလုပ်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ စောင့်ကြည့်နေပါသည်။

လက်မှတ်

Aaghaz Foundation, Pakistan
Alokito Garments Shromik Federation (AGSF), Bangladesh
All Pakistan Trade Union Federation (APTUF), Pakistan
AltDev UP Center for Integrative and Development Studies Program on Alternative Development, (AltDev UPCIDS), The Philippines
ASEAN SOGIE Caucus, Asia
ASR Resource Centre and Institute of Women Studies, Lahore (ASR/IWSL), Pakistan
Asian Solidarity Economy Council (ASEC), Asia
Bangladesh Garments & Sweaters Workers Trade Union Centre (BGSWTUC), Bangladesh
Bangladesh Garments Labor Congress Federations (BGLC), Bangladesh
Bangladesh Garments and Industrial Workers' Federation (BGSSF), Bangladesh
Bangladesh Nari Progati Sangha (BNPS), Bangladesh
Bangladesh Textile & Garments Workers Federation (BTGWF), Bangladesh
Bonded Labor Liberation Front Pakistan, Pakistan
Cambodian Alliance of Trade Unions (CATU), Cambodia
Center for Law and Justice (CLJ), Pakistan
Centre for Alliance of Labour and Human Rights (CENTRAL), Cambodia
Ceylon Merchantile Union (CMU), Sri Lanka
Clean Clothes Campaign (CCC), Europe
Cividep, India
Coalition of Cambodian Apparel Workers Democratic Union (C.CAWDU), Cambodia
Commercial and Industrial Workers Union (CIWU), Sri Lanka
Dabindu Collective Union, Sri Lanka
Federasi Perjuangan Buruh Indonesia (FPBI), Indonesia
Federasi Serikat Buruh Garmen, Kerajinan, Tekstil, Kulit dan Sentra Industri (FSB Garteks), Indonesia

Federasi Serikat Buruh Indonesia (FSBI), Indonesia
Federasi Serikat Buruh Karya Utama (FSBKU), Indonesia
Federasi Serikat Buruh Merdeka (FSBM), Indonesia
Federasi Serikat Buruh Persatuan Indonesia (FSBPI), Indonesia
Federation Union of Labor Influence (FULI), Cambodia
Focus on the Global South, Asia
Foundation for Educational Innovation in Asia (FEDINA), India
Free Independent Trade Union Federation (FUFI), Cambodia
Gabungan Serikat Buruh Indonesia (GSBI), Indonesia
Garment and Allied Workers Union (GAWU), India
Garments Sramik Karmachari Federation (GSKF), Bangladesh
Garments Workers' Unity League (GSUL), Bangladesh
Global Labor Justice (GLJ), USA
Green Bangla Garments Workers Federation (GBGWF), Bangladesh
Homenet Indonesia, Indonesia
Homenet Pakistan (HNP), Pakistan
Hosiery Workers Unity Centre (HWUC), India
Human Rights Working Group (HRWG), Indonesia
Independent Trade Union Federation (INTUFE), Cambodia
Indonesia for Global Justice (IGJ), Indonesia
Institute of Women Empowerment (IWE), Indonesia
International Women's Rights Action Watch Asia Pacific (IWRAW AP), Asia
JALA-PRT (Jaringan Advokasi Pekerja Rumah Tangga), Indonesia
Jaringan Pekerja Rumahan Indonesia (JPRI), Indonesia
Jobs with Justice (JWJ), USA
Kalyanamitra, Indonesia
Karnataka Garment Workers Union (KOOGU), India
Karnataka State Garment & Textile Workers Union (KSG&TWU), India
Kdadalak Sulimutuk Institute, East Timor
Koalisi Orang Muda dan Masyarakat Sipil (KOMMAS), Indonesia
Konsil Penyintas Tindak Pidana Perdagangan Orang (KP-TPPO), Indonesia
Konfederasi Serikat Nasional (KSN), Indonesia
Konfederasi Serikat Pekerja Seluruh Indonesia (KSPSI), Indonesia
Labour Education Foundation (LEF), Pakistan
Labour Justice and Research Limited, Sri Lanka
Lembaga Bantuan Hukum Indonesia (YLBHI), Indonesia
Lembaga Informasi Perburuhan Sedane (LIPS), Indonesia
Local Initiative for Occupational Safety and Health Network (LION), Indonesia
Marsinah.Id, Indonesia
Marriam Rural Welfare Organization (MRWO), Pakistan
Mill Mazdoor Panchayat (MMP), India
Mitra Swadharma, Indonesia
Munnade, India
Muttahida Labor Federation (MLF), Pakistan
National Trade Union Federation (NTUF), Pakistan
National Union of Seafarers Sri Lanka (NUSS), Sri Lanka
National Workers Unity Center (NWUC), Bangladesh
Paguyuban Pekerja Muda Indonesia (PPMP), Indonesia
Pakistan Institute for Labour Education & Research (PILER), Pakistan
Pakistan National Textile Leather Garment Workers Federation (PNTLGGWF), Pakistan
Pakistan Textile Workers Federation (PTWF), Pakistan
Peace Women Partners, The Philippines
Pergerakan Mahasiswa Islam Indonesia (PMII), Indonesia

Perkumpulan INISIATIF (PI), Indonesia
Perkumpulan Pekerja Rumahan Indonesia - North Sumatera (PRRI), Indonesia
Persatuan Sahabat Wanita Selangor, Malaysia
Press for Peace Foundation, Pakistan / UK
Red Flag Movement, Sri Lanka
Remake, USA
Revolutionary Existence for Human Development (RED), Sri Lanka
Rights Education and Development Centre (READ), India
SAFE organization, Sri Lanka
Save a Life, Sri Lanka
Sentral Gerakan Buruh Nasional (SGBN), Indonesia
Serikat Buruh Sejahtera Indonesia 92 (SBSI 92), Indonesia
Serikat Pekerja Nasional (SPN), Indonesia
Serikat Perjuangan Rakyat Indonesia (SPRI), Indonesia
Shramabhimani Kendraya, Sri Lanka
Society for Labour and Development (SLD), India
Sommilito Sramik Federation (SSF), Bangladesh
Sromik Karmachari Oikya Parishad (SKOP), Bangladesh
Stand Up Movement Lanka (SUML), Sri Lanka
Stand Up Workers' Union, Sri Lanka
Textile Garment and Clothing Workers Union (TGCWU), Sri Lanka
Textile Garments Workers Federation (TGWF), Bangladesh
Textile Power Loom and Garment Workers' Federation (TPLGWF), Pakistan
Textile Power Looms and Garments Workers Union Punjab (TPLGWP), Pakistan
The United Garment Workers Union (UGWU), India
Trade Union Rights Center (TURC), Indonesia
Workers Research and Development Foundation (WRDF), Bangladesh